# မြေရှားသတ္တု
# တစ်တန်ထုတ်လုပ်တိုင်း
# ထွက်ရှိနိုင်သည့် စွန့်ပစ်ပစ္စည်းများ

ဖုန်မှုန့် — ၁၃ ကီလိုဂရမ်

စွန့်ပစ်ဓာတ်ငွေ့ — ၉,၆၀၀ မှ ၁၂,၀၀၀ ကုဗမီတာ

ရေဆိုး — ၇၅ ကုဗမီတာ

ရေဒီယိုသတ္တိကြွ အကြွင်းအကျန် — ၁ တန်

စွန့်ပစ်ပစ္စည်း — ၂,၀၀၀ တန်



မြေရှားသတ္တု တစ်တန်ထုတ်လုပ်တိုင်းမှာ ဖုန်မှုန့် ၁၃ ကီလိုဂရမ်လောက် ထွက်ရှိနိုင်သလို စွန့်ပစ်ဓာတ်ငွေ့ကလည်း ၉,၆၀၀ ကနေ ၁၂,၀၀၀ ကုဗမီတာအထိ ထွက်ရှိနိုင်ပါတယ်။

ဒါ့အပြင် ရေဆိုး ၇၅ ကုဗမီတာလောက်၊ ရေဒီယိုသတ္တိကြွအကြွင်းအကျန် တစ်တန်လောက်နဲ့ စွန့်ပစ်ပစ္စည်း တန်ချိန် ၂,၀၀၀ လောက်အထိ ထွက်ရှိနိုင်ပါတယ်။

ဒီလို စွန့်ပစ်ပစ္စည်းတွေနဲ့ ရေဆိုးတွေကို စနစ်တကျ မစီမံဘူးဆိုရင် ရေအရင်းအမြစ်နဲ့ မြေဆီလွှာတွေ ညစ်ညမ်းလာနိုင်ပါတယ်။



## * မြေရှားတူးဖော်မှုနောက်ကွယ်က သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အန္တရာယ်

မြန်မာနိုင်ငံမှာ မြေရှားသတ္တု တူးဖော်ထုတ်လုပ်မှုတွေ တိုးလာနေပါတယ်။ ဒါပေမယ့် မြေရှားသတ္တု ထုတ်လုပ်တာနဲ့အတူ သဘာဝပတ်ဝန်းကျင်နဲ့ ဒေသခံတွေအပေါ် ထိခိုက်မှုတွေ ရှိလာနိုင်တာကိုလည်း မေ့ထားလို့မရပါဘူး။

မြေရှားသတ္တုတွေကို အင်္ဂလိပ်လို Rare Earth Elements (REE) လို့ ခေါ်ပါတယ်။ ဒီသတ္တုတွေဟာ စမတ်ဖုန်းတွေ၊ လျှပ်စစ်ကားတွေ၊ လျှပ်စစ်ပစ္စည်းတွေ၊ ဘက်ထရီတွေနဲ့ အဆင့်မြင့်နည်းပညာသုံးပစ္စည်းတွေ ထုတ်လုပ်ရာမှာ အရေးကြီးတဲ့ သတ္တုတွေ ဖြစ်ပါတယ်။ ကမ္ဘာတစ်ဝန်းမှာ ဒီသတ္တုတွေရဲ့ လိုအပ်ချက် မြင့်တက်လာတာနဲ့အမျှ တူးဖော်ထုတ်လုပ်မှုတွေလည်း ပိုများလာနေပါတယ်။

ဒါပေမယ့် မြေရှားသတ္တု ထုတ်လုပ်မှုရဲ့ နောက်ကွယ်မှာ သဘာဝပတ်ဝန်းကျင်အတွက် ပေးဆပ်ရမယ့် တန်ဖိုးတွေ ရှိနေပါတယ်။



## * ရေထုနဲ့ မြေဆီလွှာကို ထိခိုက်နိုင်

မြေရှားသတ္တု တူးဖော်ထုတ်လုပ်တဲ့အခါ အသုံးပြုတဲ့ ဓာတုပစ္စည်းတွေနဲ့ စွန့်ပစ်ရေဆိုးတွေဟာ စနစ်တကျ မစီမံဘူးဆိုရင် မြစ်ချောင်းတွေ၊ မြေအောက်ရေတွေနဲ့ ဒေသခံတွေ သောက်သုံးနေတဲ့ ရေအရင်းအမြစ်တွေထဲကို စိမ့်ဝင်သွားနိုင်ပါတယ်။

အထူးသဖြင့် ရေဒီယိုသတ္တိကြွအကြွင်းအကျန်တွေ ပါဝင်နိုင်တာက စိုးရိမ်စရာတစ်ခု ဖြစ်ပါတယ်။ ဒီအကြွင်းအကျန်တွေကို သေချာမသိမ်းဆည်းဘဲ သယ်ယူတဲ့အခါမှာပဲဖြစ်စေ၊ စွန့်ပစ်တဲ့နေရာမှာ စနစ်တကျ မစီမံဘဲဖြစ်စေ လုပ်ဆောင်မယ်ဆိုရင် ပတ်ဝန်းကျင်ညစ်ညမ်းမှုဟာ ရေရှည်ဖြစ်ပေါ်နေနိုင်ပါတယ်။

ဒါကြောင့် မြေရှားတူးဖော်တဲ့ဒေသတွေမှာ ရေအရည်အသွေးနဲ့ မြေဆီလွှာအရည်အသွေးတွေကို ပုံမှန်စစ်ဆေးဖို့ လိုပါတယ်။ စွန့်ပစ်ရေဆိုးတွေကိုလည်း သန့်စင်ပြီးမှ စွန့်ပစ်သင့်သလို ရေဒီယိုသတ္တိကြွအကြွင်းအကျန်တွေကိုလည်း သတ်မှတ်ထားတဲ့ စံနှုန်းတွေအတိုင်း စနစ်တကျ စီမံဖို့ လိုအပ်ပါတယ်။





တူးဖော်တဲ့နေရာတွေမှာ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုတွေကို စနစ်တကျ စောင့်ကြည့်တာနဲ့ ထိန်းချုပ်တာ မရှိဘူးဆိုရင် အခုရတဲ့ သတ္တုဝင်ငွေထက် နောင်မှာ ပတ်ဝန်းကျင်ပြန်လည်တူဝောင်ဖို့နဲ့ ဒေသခံတွေရဲ့ အသက်မွေးဝမ်းကျောင်း ထိခိုက်မှုတွေကို ဖြေရှင်းဖို့ ကုန်ကျစရိတ်က ပိုများလာနိုင်ပါတယ်။

ဒါကြောင့် မြေရှားသတ္တု တူးဖော်ထုတ်လုပ်ရာမှာ သတ္တုထုတ်လုပ်နိုင်ဖို့ တစ်ခုတည်းကိုပဲ အာရုံစိုက်လို့ မရပါဘူး။ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုတွေကို ကြိုတင်ကာကွယ်ဖို့၊ ရေအရင်းအမြစ်တွေကို ထိန်းသိမ်းဖို့နဲ့ ဒေသခံတွေရဲ့ ကျန်းမာရေးနဲ့ အသက်မွေးဝမ်းကျောင်းတွေကို ကာကွယ်ဖို့လည်း တစ်ပြိုင်နက်တည်း စဉ်းစားဖို့ လိုပါတယ်။

မြေရှားသတ္တုတွေဟာ ခေတ်မီနည်းပညာတွေအတွက် အရေးကြီးတဲ့ သတ္တုတွေဖြစ်ပေမယ့် တူးဖော်ထုတ်လုပ်တဲ့အခါ သဘာဝပတ်ဝန်းကျင်နဲ့ ဒေသခံလူထုအပေါ် ထိခိုက်မှုတွေကို မထည့်သွင်းစဉ်းစားဘူးဆိုရင် သတ္တုကရတဲ့ အကျိုးအမြတ်ထက် သဘာဝပတ်ဝန်းကျင်နဲ့ လူမှုဘဝအတွက် ပေးဆပ်ရမယ့် တန်ဖိုးက ပိုကြီးမားလာနိုင်ပါတယ်။

## * မြန်မာနိုင်ငံမှာလည်း စိုးရိမ်မှုတွေရှိနေ

မြန်မာနိုင်ငံမှာလည်း မြေရှားသတ္တု တူးဖော်မှုတွေကို အထူးသဖြင့် ကချင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသတွေမှာ တူးဖော်နေကြပါတယ်။

တူးဖော်မှုတွေကြောင့် သစ်တောတွေ ပျက်စီးတာ၊ မြေဆီလွှာတွေ ပျက်စီးတာနဲ့ ရေအရင်းအမြစ်တွေ ထိခိုက်လာတာတွေအပေါ် ဒေသခံတွေနဲ့ သဘာဝပတ်ဝန်းကျင်အရေး လုပ်ဆောင်သူတွေကြား စိုးရိမ်မှုတွေ ရှိနေပါတယ်။

